www.kelasa.org

ဓမ္မအမေးအဖြေများ

၅။ ငရဲဘုံနှင့် ယမမင်း၊ ငရဲထိန်းဆိုတာ ဘာလဲ

# ငရဲဘုံနှင့် ယမမင်း

ဆရာတော် အရှင်သူမြတ်ဘုရား
ဗုဒ္ဓဘာသာမှာ လူတစ်ယောက် သေလွန်ပြီးနောက် ထိုလူ သွားရောက်ရ မည့်ဘဝကို မေးမြန်းစစ်ဆေးပြီး ဆုံးဖြတ် ပေးသည့် ယမမင်း ဆိုသည်ကို ကြားဖူးပါသည်။ ယမမင်း ဘယ်နှစ်ယောက် ရှိသလဲ၊ ဘယ်မှာ နေသလဲ၊ ဘယ်လို ကုသိုလ် သို့မဟုတ် အကုသိုလ်ကြောင့် ယမမင်း ဖြစ်ရသလဲ၊ ယမမင်းဆိုတာကို ဗုဒ္ဓဘုရားရှင်ရဲ့ နှုတ်တော်မှ ဟောကြားခဲ့သလား ဆိုသည်တို့ကို သိလိုပါသည်ဘုရား။ ယမမင်းနှင့် ပတ်သက်သည့် ကျမ်းဂန်ထွက် ဗဟုသုတအဖြာဖြာကို မျက် မှောက်ခေတ်အမြင်နှင့် ရောစပ်၍ ဖြေကြားပေးစေချင်ပါသည်ဘုရား။

ဦးညွှတ်လျက်

တပည့်တော် အာသာမြင့်ထွန်း

## ယမမင်း

'ရဟန်းတို့၊ ငါဘုရားသည် ဒိဗ္ဗစက္ခုညာဏ်ဖြင့် ငရဲသို့ ကျရောက်သော သတ္တဝါတို့ကို မြင်တော်မူ၏။ လူ့ဘဝတွင် မကောင်းမှုကို ပြုသောကြောင့် ငရဲသို့ ရောက် လာသူအား ငရဲထိန်းတို့က ယမမင်းထံ ခေါ်သွား၏။ ထိုအခါ ယမမင်းက သင်သည် လူ့ဘဝမှာရှိစဉ် မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ (အဓမ္မမှုကြောင့်) လောကပြစ် ခံရခြင်းနှင့် သေခြင်းဟူသော နတ်တမန်ငါးယောက် ရောက်လာသည်ကို သတိပြုမိပြီး ကောင်းမှုတွေ ပြုခဲ့ရဲ့လောဟု စစ်မေး၏။ မပြုမိပါဟု ဖြေခြင်း၌ ယမမင်းက သင်သည် မေ့လျော့ပြီး ကောင်းမှုကို မပြုဘဲ မကောင်းမှုကို ပြုခဲ့ပြီ။ သင်ပြုလုပ်သည့် အကုသိုလ်မှုကို မည်သူမျှ အစားခံလို့မရ၊ သင်သာလျှင် ခံရလိမ့် မည်ဟုဆိုပြီး ဆိတ်ဆိတ်နေ၏။ ယင်းနောက် ငရဲထိန်းတို့သည် ထိုသူ အား တံခါးလေးခုရှိသည့် မဟာငရဲသို့ ပို့လိုက်ကြ၏။ ထိုသူသည် အကုသိုလ်ကံ၏အကျိုးပေး မကုန်သရွေ့ ထိုငရဲ၌ ခံနေရ၏ (မ ၃၊ ၁၈၆)'။

"ယမမင်းဟူသည် (စတုမာရာဇ်နတ်မျိုးဝင်) ဝေမာနိကမျိုး ပြိတ္တာမင်းဖြစ်၏။ တစ်ချိန်မှာ နတ်ဗိမာန်၌ စည်းစိမ် ခံစားရပြီး တစ်ခါတစ်ရံမှာ မကောင်းကျိုး ခံစားရ၏။ တရားစောင့်သော မင်းဖြစ်၏။ (ငရဲဘုံ ဝင် ပေါက်) ဂိတ်လေးခုတွင် ယမမင်း တစ်ယောက်စီရှိ၏ (မ-ဋ္ဌ ၄၊ ၁၈၃)"။
"မိဿကကုသိုလ် (ဥပမာ ဝက် သတ်ပြီး အလှူပေးခြင်း စသည်) ကြောင့် ယမမင်း ဖြစ်ရ၏။ သို့ရာတွင် ယမမင်းသည် တရား အားထုတ်ပါက မဂ်ဖိုလ်ကို ရနိုင်၏ (အံ-ဋီ ၂၊ ၁၁၄)"။
"သိကြားမင်း၏ ဝရဇိန်လက်နက်၊ အာဠဝက ဘီလူး၏ ဘွဲ့ဖြူလက်နက်၊ ဝေဿဝဏ်နတ်မင်း၏ သန်လျက်လက်နက်၊ ယမမင်း၏ (ဒေါသဖြင့် ကြည့်လျှင် ပြာကျစေနိုင်သော) မျက်လုံးလက်နက်ဟု လက်နက် ကြီး လေးမျိုးရှိ၏ (သံ-ဋ္ဌ ၁၊ ၂၉၀)"။

## အဓိပ္ပာယ်တစ်မျိုး

"သမ္ပယာတောသိ ယမဿ သန္တိကန္တိ မရဏမုခံ ဂန္တွာ သဋ္ဌော ဟုတွာ ဌိတောသီတိ အတ္ထော (ဓမ္မပဒ-ဋ္ဌ ၂၊ ၂၁၉)" အဖွင့်အရဆိုရင် ယမမင်းဆိုတာ သေမင်းလို့ အဓိပ္ပာယ် ရပါတယ်။ ဒါကြောင့် ဘဝသံသရာမှ မလွတ်မြောက်သေးသမျှ ယမမင်းရဲ့ အာဏာစက်ကွင်း မှ မလွတ်သေးဘူး။ ဒီအဓိပ္ပာယ်နဲ့ ယမမင်းကို ]]ဝေသာယီ}} (ဇာ-ဋ္ဌ ၂၊ ၂၈၈)လို့လဲ နာမည် တစ်မျိုးနဲ့ ခေါ်ပါတယ်။ ငရဲဘုံနဲ့ ယမမင်းဆိုတာ ဘုရားဟောပါ။

## လူဖြစ်ချင်သူ

ယမရာဇသုတ် (အံ ၁၊ ၁၄၀)အရ ယမမင်းဟာ အကုသိုလ်မှုကြောင့် ငရဲသို့ ရောက်လာသူတွေကို ကြည့်ရင်း "ငါသည် လူ့ဘဝကိုရပြီး ဗုဒ္ဓဘုရားရှင် ပွင့်ခိုက် နှင့် ကြုံကြိုက်သဖြင့် ဗုဒ္ဓတရားကို ကြားနာရလို့ တရားထူး ကိုရရင် သိပ်ကောင်း မှာပဲလို့" အကြံဖြစ်ပေါ်ဖူးပါသတဲ့။ အဲဒီလို ယမမင်းအကြံဖြစ်တာကို ဗုဒ္ဓဘုရားရှင်ဟာ သူများ အပြောကြောင့် သိတာ မဟုတ်ဘဲ ကိုယ်တိုင် (သဗ္ဗညုတညာဏ်နဲ့) သိမြင်ပြီး မြွက်ဆိုတာ ဖြစ်တယ်လို့လဲ အဲဒီသုတ်မှာ မိန့်တော်မူ ပါတယ်။ (စပ်မိလို့ အသိပေးပါတယ်။ ဆရာကြီး ဂိုအင်ဂါ အဖွဲ့က ထုတ်တဲ့ ပိဋကတ် စီဒီရွမ်မှာ ယမရာဇသုတ်ကို ဒေဝဒူတသုတ်နှင့် ပေါင်းထားပြီး စတု မဟာရာဇသုတ်ရဲ့ နောက်ပိုင်းကို ဒုတိယ စတုမဟာရာဇသုတ်လို့ စဉ်ထားတာ တွေ့ရလို့ ဆဋ္ဌမူနဲ့ မတူကြောင်းပါ။ ပညာရှင်တို့ ဆင်ခြင်ပါကုန်)။

www.kelasa.org

## ငရဲနှင့် ငရဲထိန်း

ငရဲဘုံ၌ နှိပ်စက်ညှဉ်းပန်းမှုများ ရှိသောကြောင့် နှိပ်စက်ညှဉ်း ပန်းသူ ငရဲထိန်းများ ရှိ၏ (အဘိ ၄၊ ၄၃၀)။ ငရဲထိန်းများကို ငရဲသားတို့က ပြန်ပြီး နှိပ်စက်ကလူ မပြုနိုင် (သံ-ဋီ ၂၊ ၈၆)။ ရဲထိန်းများလည်း ယမမင်းနှင့် အမျိုးဇာတ်တူ၏။ ငရဲမီးဟူသည် ကံကြောင့် ဖြစ်သော ဥတုဇရုပ်ဖြစ်၍ ငရဲခံရမည့်သူများသာ ပူပြီး ငရဲထိန်းများမှာမူ ပူလောင်ခြင်း မရှိ။ အကုသိုလ်နည်း နည်းဖြင့် ငရဲသို့ ရောက်လာသူများကိုသာ စစ်ဆေး ခြင်းဖြစ်၏ (ကိုယ်ကျင့်အဘိဓမ္မာ၊ ၂၈၇)။ မူရင်းပါဠိတော်နှင့် အဋ္ဌကထာကျမ်းတွေမှာ ငရဲဘုံ အမျိုးမျိုးနှင့် ဘုံအလိုက် သက်တမ်း အပိုင်းအခြားတွေကို ဖော်ပြထားတာတွေ ရှိပါတယ်။

www.kelasa.org

အဲဒီငရဲဘုံ တွေဟာ အချို့ လူသားတို့ အနီးမှာ (ဥပမာ လောဟကုမ္ဘီငရဲ)၊ အချို့ မဟာပထဝီ မြေကြီးထဲမှာ၊ အချို့ အာကာသ တစ်နေရာမှာ ရှိတယ်လို့ အဲဒီ ကျမ်းဂန် ဖော်ပြချက် တွေအရ ဆိုနိုင်ပါတယ်။

"ငရဲထိန်း၊ ငရဲခွေး၊ ငရဲကျီးတို့သည် သက်ရှိသတ္တဝါများ ဖြစ်ကြ၏။ စတုမဟာရာဇ် နတ်မျိုးဖြစ်သော ဘီလူးများသည် အတိတ်ဘဝ ကုသိုလ်နှင့် အကုသိုလ် ရောနှော ပြုခဲ့သောကြောင့် ငရဲပြည်၌ နတ်ကြမ်း၊ ဘီးလူးကြမ်းကြီးများဖြစ်၍ ငရဲသူ ငရဲသားတို့ကို နှိပ်စက်ကြကုန်၏ (ကထာဝတ္ထု၊ နိရယပါလကထာ)"။

မန်လည်ဆရာတော်ကြီးက ငရဲထိန်းကို ရက္ခသ (ရက္ခိုသ်) မျိုးဟု ဆိုပြီး ဤသို့ သရုပ်ဖော်သည် ...

မျက်စိကြော့သွေး၊ တွေးတွေးနီမြန်း
ကြောင်သန်းတျာတျာ၊ လွန်စွာကျယ်ဘိ
လူပြည်ယိုသား၊ မောင်းကြီးအယောင်
မျက်တော်မညီတ်၊ နက်ရောင်ဘိတ်လျက်
သပိတ်လုံးနယ်၊ မျက်လုံးကျယ်နှင့်
အစွယ်ပြူးပြူး၊ ငှက်ပျောဖူးသို့
မာန်ရှူးလွန်ဆိုး၊ ရက္ခိုသ်မျိုးသည်၊
အုပ်စိုး ကွပ်ကွပ် မှူးမှူးတည်း။
(မဃဒေဝ၊ ပိုဒ်-၄၆၅)။

ထူးခြားတာက ဗုဒ္ဓဝါဒမှာ ဘယ်တော့မှ ပြန်ပေါ် မလာနိုင်တော့တဲ့ ထာဝရငရဲ ဆိုတာမရှိပါဘူး။ ငရဲဆိုတာ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကြောင့် ယာယီ ဖြစ်ရတဲ့ ဘဝတစ်ခုသာ ဖြစ်ပြီး ငရဲကနေ လူ့ဘဝ နတ်ဘဝတွေကို ပြန်ရောက်လာပြီး တရားအားထုတ်လို့ ဇောမိဉာဏ်ကိုတောင် ရနိုင်ပါသေးတယ်။ ဒါဟာ ခွင့်လွှတ်ခြင်း၊ မတည်မြဲခြင်းဆိုတဲ့ အနှစ်သာရတွေ ကိန်းနေတဲ့ အင်မတန် လှပတဲ့ ဗုဒ္ဓဒဿနပါပဲ။

## သိပ္ပံနှင့် ဒိဗ္ဗစက္ခု

သိပ္ပံဆရာတွေကတော့ Indian Mythology (အိန္ဒိယ ဒဏ္ဍာရီ)လို့ ဆိုကြမှာပဲ။ ဆိုခွင့်ရှိပါတယ်။ ဒါပေမဲ့ ယခု ရာစုနှစ်တွေမှာ သိပ္ပံဆရာတွေကပဲ အာကာသ မှာ သက်ရှိလောက ရှိနိုင်တယ်လို့ ဆိုလာကြတယ်။ သိပ္ပံဆရာတို့က ကမ္ဘာမြေကြီးရဲ့ အတွင်းပိုင်းမှာ နေထက်တောင် ပူနိုင်တဲ့ အရည်ရှိတယ်လို့လဲ ဆိုတယ်။ ဒီတော့ ]]အရည်ရှိတဲ့ နေရာတိုင်းမှာ သက်ရှိသတ္တဝါ ရှိတယ်}} ဆိုတဲ့ သိပ္ပံနိယာမရယ်၊ ရေဆူမှတ် နီးနီး ပူနေတဲ့ ရေပူစမ်းထဲမှာ ငါးလေးတွေ အသက်ရှင် နေနိုင်တာရယ်တွေကြောင့် အနီမြေကြီးထဲက အပူရည်မှာ အကုသိုလ်ကြောင့်ဖြစ်ရတဲ့ သက်ရှိလောကတစ်ခု မရှိဘူးလို့ ဘယ်သူဆိုနိုင်မလဲ။

တရားထိုင်သူတွေ အနည်းဆုံး အလင်းနိမိတ်လောက်ကို ပိုင်ပိုင်နိုင်နိုင် ရဖူးရင် ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဒိဗ္ဗစက္ခုဉာဏ် စွမ်းအင်ကို ခန့်မှန်း နိုင်ပါလိမ့်မယ်။ ဗုဒ္ဓဝါဒီ တစ်ယောက် အနေနဲ့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဒိဗ္ဗ စက္ခု ဉာဏ်စွမ်းအားကို သိပ္ပံဆရာတို့ရဲ့ အသိဉာဏ်နှင့် မနှိုင်းယှဉ်ရဲပါ။ ❐